# သဘာဝစီမံကိန်း လှုပ်ရှားမှုများ

## မေ-ဇူလိုင် ၂၀၂၀



သဘာဝစီမံကိန်း အစိမ်းရောင်ဘဏ္ဍာရေးအဖွဲ့မှ မိတ်ဖက်ဘဏ် ၄ခုမှ ချေးငွေအရာရှိ ၄၀ဦးနှင့် သင်တန်းဆရာ ၂၀ဦးတို့ကို မေလနှင့်ဇွန်လများအတွင်း onlineမှတစ်ဆင့်သင်တန်းများပို့ချပေးခဲ့သည်။ နှစ်ချိန်စီပါဝင်သော online သင်တန်းများ ဖြစ်ပြီး စွမ်းအင် ထိရောက်စွာ အသုံးချမှုဆိုင်ရာ နည်းလမ်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် နည်းလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို အဓိကထား သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါ onlineသင်တန်းများကို ဇူလိုင်လအကုန်အထိ ပို့ချပေးသွားမှာ ဖြစ်ပြီး ဘဏ်များအနေဖြင့် သက်ဆိုင်ရာဝန်ထမ်းများကို သူတို့၏ ဘဏ်ခွဲများနှင့် ကွန်ရက်များအတွင်းတွင် ပြန်လည်ပို့ချပေးနိုင်ခြင်းနှင့် ပြန်လည်ဖြန့်ဝေနိုင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

## ၂၆. ၀၂. ၂၀၂၀



စစ်ကိုင်းတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ သဘာဝ စီမံကိန်းက စီမံကိန်း လှုပ်ရှားမှုများနှင့်ပတ်သတ်၍ အစိမ်းရောင်ဘဏ္ဍာရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးနှင့် အဆိုပါလုပ်ငန်းစဥ် ပတ်သတ်၍ ဘဏ်များမှ ချေးငွေများရရှိနိုင်အောင် စီမံကိန်းအနေဖြင့် မည်သို့ ပံ့ပိုးပေးနေကြောင်းကို မျှဝေသော အလုပ်ရုံဆွေးနွေးပွဲ တစ်ခုကို ကျင်းပခဲ့သည်။ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အပါအဝင် စီမံကိန်းမှ ပညာရှင်များက ဆွေးနွေးပွဲကို ဦးဆောင်ကျင်းပခဲ့သည်။ စစ်ကိုင်းမြို့မှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၅၀ဦးတက်ရောက်ခဲ့သည်။

## ၁၄-၁၆.၀၂.၂၀၂၀



သဘာဝစီမံကိန်းက မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စီစဥ်သော ဆဌမအကြိမ် မြန်မာ့စားသောက်ကုန်ပြပွဲတွင် ပါဝင်ခဲ့သည်။ စီမံကိန်းက ၎င်း၏ လုပ်ရှားမှုများနှင့် စားသောက်ကုန်နှင့် အဖျော်ယမကာစီးပွားရေး လုပ်ငန်းများကို သန့်စင်ကုန်ထုတ်လုပ်မှု နည်းပညာအတွက် ကူညီပေးနေပုံများကို ပြသခဲ့သည်။ စီးပွားရေး လုပ်ငန်းပေါင်းစုံမှ လုပ်ငန်းရှင်များက စီမံကိန်းပြခန်းကို လေ့လာကြည့်ရှုခဲ့ကြပြီး အများစုက နောက်ပိုင်းတွင် ကျင်းပမည့် အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် ရေဆိုးသန့်စင်မှုစက်ရုံ၊ စွမ်းအင်ထိရောက်စွား အသုံးချမှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲ နည်းပညာစသည့် ခေါင်းစဥ်များနှင့် ပတ်သတ်သော အသေးစိတ်သင်တန်းများကို စိတ်ဝင်စားခဲ့ကြသည်။

မြန်မာနိုင်ငံ၏ COVID-19နှင့်ပတ်သတ်သော နောက်ဆက်တွဲ စီးပွားရေး အကျိုးဆက်များကို ပိုမိုနားလည်စေရန် သဘာဝစီမံကိန်းအနေဖြင့် The Asia Foundationမှ ပြုစုထားသော တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေး လုပ်ငန်းများစစ်တမ်းကို ပြန်လည်မျှဝေပေးလိုက်ပါသည်။ ၎င်းစစ်တမ်းမှ ရလာဒ်များသည် စီမံကိန်းမှ အဓိကထားသော စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းများကို ကပ်ရောဂါကြောင့် လုပ်ငန်းအကျိုးအမြတ်၊ လုပ်အားနှင့် ငွေကြေးရရှိမှုများအပေါ် ရိုက်ခတ်ပုံ၊ စီးပွားရေး လုပ်ငန်းများအနေဖြင့် အစိုးရမှကြေညာသော မူဝါဒများမှ မည်ကဲ့သို့ အကျိုးအမြတ်ရရှိခဲ့ပုံများကို ပိုမိုနားလည်စေရန် အထောက်အပံ့ပေးပါသည်။

switchasia GRANTS PROGRAMME
Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF တစ်ဦးတည်း၏
ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

သဘာဝ A sustainable future for industry






# သဘာဝစီမံကိန်း

## စီမံကိန်း မိတ်ဆက်ဗီဒီယို

## COVID-19၊ ရေမှကူးစက်တတ်သော ကပ်ရောဂါများကို တိုက်ဖျက်ကာကွယ်ရန် သန့်ရှင်းသောရေက အကောင်းဆုံး ခုခံကာကွယ်မှုဖြစ်သည်။

အားလုံးအတွက် ရေဆိုတာ ဘယ်လောက်အရေးကြီးတဲ့ အချက်ကို ဖော်ပြရင်း COVID-19ကူးစက်မှုကို ကာကွယ်ရန် သန့်ရှင်းသောရေနဲ့ လက်ဆေးကြောခြင်းက အရေးကြီးတဲ့ နေရာကနေ ပါဝင်နေပါသည်။သို့သော် ရေသည် ရေဘုံဘိုင်ခေါင်းထဲမှ လွယ်လင့်တကူ ထွက်လာခြင်း မဟုတ်ပါ။ လူသားအားလုံးက ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ပြီး ကျန်းမာသော မြစ်ဖြစ်အောင် ပြန်လည်ထိန်းသိမ်းကြရမှာ ဖြစ်ပါသည်။ရေချိုအရင်းအမြစ်များစီမံခန့်ခွဲခြင်းကို အလေးထား ဆောင်ရွက်ခြင်းက လူထု၏ ကျန်းမာရေးနှင့် ကြံ့ကြံ့ဒဏ်ခံနိုင်မှုအတွက် အလွန်အရေးကြီးပါသည်။

ဥရောပသမဂ္ဂ၏ SWITCH-Asiaအစီအစဉ််မှ ရန်ပုံငွေ ထောက်ပံ့မှုကြောင့် သဘာဝစီမံကိန်း က စားသောက်ကုန်နှင့် အဖျော်ယမကာစီးပွားရေးလုပ်ငန်းများကို ရေဆိုးသန့်စင်စနစ်များ ကျင့်သုံးနိုင်ရန်ကူညီပေးနိုင်ခဲ့ပါတယ်။ရေချို အရင်းအမြစ်များစီမံခန့်ခွဲမှုကို အလေးပေး ဆောင်ရွက်ခြင်းသည် ဒေသခံလူထုများ၏ ကျန်းမာရေးနှင့် ကြံ့ကြံ့ခံနိုင်မှုတို့အတွက် အလွန်အရေးကြီးပါတယ်။

နှိပ်ပါ

switchasia GRANTS PROGRAMME

Funded by the European Union

ဤစီမံကိန်းသတင်းလွှာကို ဥရောပသမဂ္ဂ၏ ရန်ပုံငွေထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။
ဤသတင်းလွှာတွင် ပါဝင်သော အကြောင်းအရာများသည် WWF တစ်ဦးတည်း၏ ကိစ္စရပ်သာဖြစ်ပြီး ဥရောပသမဂ္ဂ၏ ရှုမြင်လက်ခံမှုကို ထင်ဟပ်သည်ဟု မယူဆနိုင်ပါ။

သဘာဝ A sustainable future for industry